# နမ့်ဟွေလုံကျေးရွာ
# မိုင်းဖြတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း _၂၀၂၁ – ၂၀၂၂ခု(၆)လဘဏ္ဍာရေးနှစ်

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နမ့်ဟွေလုံကျေးရွာ၊ မိုင်းဖြတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုင်းဖြတ်မြို့နယ်မှ ကူညီရေးဆွဲသည်)

မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | |
| | **နမ့်ဟွေလုံကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ မိုင်းဖြတ်မြို့နယ်** | |
| | **နမ့်ဟွေလုံကျေးရွာ ရာသီခွင်ပြဇယား** | |
| | **နမ့်ဟွေလုံကျေးရွာ Venn Diagram** | |
| **၁။** | **တည်နေရာနှင့် ပထဝီဝင်အနေအထား** | |
| **၂။** | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | |
| **၃။** | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | |
| **၄။** | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | |
| | (ခ) မွေးမြူရေးလုပ်ငန်း | |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | |
| **၅။** | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | |
| | (ခ) ကျေးရွာ မီးလင်းရေး | |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | |
| **၆။** | **ပညာရေး** | |
| **၇။** | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | |
| **၈။** | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | |
| **၉။** | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ဦးစားပေးစီမံချက်စာရင်း | |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | |
| | နောက်ဆက်တွဲ (၄) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၂၁/၂၀၂၂ (၆)လဘဏ္ဍာရေးနှစ်မှ ၂၀၂၅/၂၀၂၆ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်း ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာသူကြီး၊ ရပ်မိ/ရပ်ဖများနှင့် ဌာနအသီးသီးရှိ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။

ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာကော်မတီစာရင်း၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မတ် လ၊ ၂၀၂၂

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

နမ့်ဟွေလုံကျေးရွာ

မိုင်းဖြတ်မြို့နယ်

# နမ့်ဟွေလုံကျေးရွာ သယံဇာတပြမြေပုံ၊ မိုင်းဖြတ်မြို့နယ်



# နမ့်ဟွေလုံကျေးရွာရာသီခွင်ပြဇယား



ရာသီခွင်ပြဇယား

| စဉ် | လများ | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
| ၁ | ရာသီဥတု(နေပူခြင်း) | | | | | | | | | | | | |
| ၂ | ရာသီဥတု(မိုးရွာခြင်း) | | | | | | | | | | | | |
| ၃ | စိုက်ပျိုးရေး | | | | | | | | | | | | |
| ၄ | ဝင်ငွေ | ✓ $ | $ | $ | $ | $ | | | $ | $ | | | |
| ၅ | ရေရှားပါးမှု | ✓ | ✓ | | | | | | | | | | ✓ |
| ၆ | ရောဂါ(လူ) | [illegible] ✓ | [illegible] ✓ | | | | | | | | | | ✓ |
| ၇ | ရောဂါ(တိရစ္ဆာန်) | [illegible] ✓ | [illegible] ✓ | | | | | | | | | | ✓ |
| ၈ | ပွဲတော်များ | [illegible] ✓ | | | | ✓ [illegible] | | | ✓ [illegible] | ✓ [illegible] | ✓ [illegible] | | |
| ၉ | သဘာဝဘေး | | | | | | | | | | | | |
| | | | | | | | | | | | | | |

# နမ့်ဟှေလုံကျေးရွာ Venn Diagram



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

နမ့်ပှေလုံကျေးရွာသည် ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်၊ မိုင်းဟဲကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်နှင့်တောင်ဘက်တွင် လယ်ကွင်းများ၊ မြောက်ဘက်တွင် နမ့်ပှေယွန်းကျေးရွာ၊ အနောက်ဘက်တွင် တာချီလိတ်မြို့နယ် အပိုင်းနှင့် ဆက်စပ်တည်ရှိနေပါ သည်။ ကျေးရွာတွင် အာခါတိုင်းရင်းသားလူမျိုးများ နေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ စိုစွတ်သောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော ကိုယ်ပိုင်မြေဧရိယာမှာ လယ်မြေ(၄၇) ဧက ရှိပါသည်။ ကိုယ်ပိုင်လယ်ယာမြေများတွင် စိုက်ပျိုးကြပါသည်။ အိမ်ဝင်းများအတွင်းတွင်လည်း ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို တစ်နိုင်တစ်ပိုင် စားသောက်ရန်အတွက်ငှာ စိုက်ပျိုးကြပါသည်။ မြေဆီလွှာအရည်အသွေးမှာ ကောင်းမွန်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ကျေးရွာလူမှုရေးအဖွဲ့ (ကျား၇) နှင့်ဖွံ့ဖြိုးရေးအဖွဲ့(ကျား၇)တို့သည် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေးနာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများတွင် စည်းရုံးလုပ်ဆောင်နေကြပါသည်။ ကျေးရွာဂေါပကအဖွဲ့မှ ဘာသာရေးလုပ်ငန်း များလုပ်ဆောင်ကြပြီး ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် စောင့်ရှောက်ပေးလျက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ စုစည်းညီညာစွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။ ကျေးရွာ၏ အခြားဖွံ့ဖြိုးရေးလိုအပ်ချက်များကိုလည်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ကဦးဆောင်ပြီး ဆောင်ရွက်လျက် ရှိပါသည်။

နမ့်ပှေလုံကျေးရွာတွင် အဖွဲ့အစည်းနှင့်ချိတ်ဆက်၍ ကျေးရွာဖွံ့ဖြိုးရေးအတွက် လာရောက် လုပ်ဆောင်ပေးနေသော ပြင်ပအဖွဲ့အစည်း မရှိပါ။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

နမ့်ပှေလုံကျေးရွာတွင် မြေယာမဲ့(၁)အိမ်ထောင်စုရှိပြီး ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၈)အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၃) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၃) အိမ် ထောင်စုစသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါးကိုသာ အားထားစိုက်ပျိုးကြပါသည်။ ကျေးရွာတွင် ၁၂.၅ ဧကအထက် တောင်သူကြီး အိမ်ထောင်စုများ မရှိကြပါ။

ကျေးရွာ၏ စိုက်ပျိုးရေမှာ ကျေးရွာနံဘေးရှိ နမ့်ပှေလုံချောင်းမှရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပြီး အခြားစိုက်ပျိုးရေရရှိသည့် နည်းပညာများကို အသုံးပြုနိုင်ခြင်းမရှိပေ။ စပါး အထွက်နှုန်းမှာ ပျမ်းမျှအားဖြင့် တစ်ဧကေ(၅၀)တင်းသာ ထွက်ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများ၏ အကျိုးအမြတ်ရရှိနိုင်မှုမှာ ကိုယ်ပိုင်လယ်ယာမြေများဖြစ်သော်လည်း သွင်းအား စုများဝယ်ယူရာတွင် တာချီလိတ်မြို့နှင့်ကျိုင်းတုံမြို့ကဲ့သို့သော မြို့ကြီးများနှင့် အလှမ်းဝေးသော ကြောင့် ကုန်ဈေးနှုန်းများခြင်းတို့အပြင် ဓာတ်မြေဩဇာနှင့် ဓာတုပိုးသတ်ဆေးများကို သုံးစွဲရာတွင် အချိုးကျကျ မသုံးစွဲတတ်သည့်အတွက် အမြတ်ရရှိနိုင်မှု နည်းပါးပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၆) အိမ်ရှိပြီး နွားကောင်ရေ (၃၄) ကောင်၊ ကျွဲမွေးမြူထားသည့် အိမ်ထောင်စု(၅)စုမှ (၃၁)ကောင်၊ အိမ်ထောင်စု(၈)အိမ်မှ ဝက် (၁၉)ကောင်၊ အိမ်ထောင်စု(၁၂)အိမ်မှ ကြက်(၂၁၆)ကောင်၊ အိမ်ထောင်စု(၄)အိမ်မှ ငါးကန်(၆)ကန် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေ ကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် နွားများ၌ ဝမ်းရောင်ရောဂါနှင့် ခွာနာလျှာနာရောဂါများ ဖြစ် လေ့ရှိပါသည်။ ကြက်နှင့်ဝက် တိရိစ္ဆာန်များတွင် ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့ အကြုံ၊ အသိပညာများ ဖြည့်ဆည်းလုပ်ဆောင်ရန် လိုအပ်နေပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

နမ့်ပှေလုံကျေးရွာ၏ ကျေးရွာသူကျေးရွာသားများသည် ကိုယ်ပိုင်လယ်ယာများတွင်သာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အခြားလုပ်ငန်း များတွင် ဝင်ရောက်လုပ်ကိုင်သော်လည်း ဝင်ငွေရရှိမှုနည်းပါးခြင်း၊ အသေးစား/အလတ်စား စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာနည်းပညာများ၊ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့် လိုက်လျော ညီထွေဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာ တတ်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

နမ့်ဟွေလုံကျေးရွာတွင် ကားရှိသည့်အိမ်ထောင်စု(၁)အိမ်မှ ကား(၁)စီး၊ စက်ဘီး(၂)စီး၊ မော်တော်ဆိုင်ကယ်(၁၈)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေး ကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်း ကိုယ်ထူကိုယ်ထဖြင့် ပေအနည်းငယ်ရှိသောကွန်ကရစ်လမ်း ဆောင်ရွက်ထားပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ မြေသားလမ်းဖြစ်သဖြင့် မိုးတွင်းကာလများတွင် လမ်းများပေါ်သို့ ရေကျော်ပြီး ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရအဆင်မပြေမှုများ ရှိနေပါသည်။ ရန်ပုံငွေများရရှိနိုင်ပါက မြေသားလမ်းများအား ကျောက်ခင်းလမ်းများအဖြစ် အဆင့်မြှင့်တင်လိုကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာတွင် ဆိုလာနစ် အသုံးပြုနေကြသည့် အိမ်ထောင်စု(၇)စုရှိပါသည်။ အခြားနည်းစနစ်ဖြင့် မီးသုံးစွဲနေသော အိမ်ထောင်စု မရှိပါ။ မိုင်းဖြတ်မြို့နယ်တွင် မဟာဓာတ်အားလိုင်းမရရှိသေးသည့်အတွက် ကျေးရွာတွင် လျှပ်စစ်မီး သုံးစွဲနိုင်ခြင်းမရှိသေးပါ။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

နမ့်ဟွေလုံကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို အိမ်ထောင်စု(၁၀)မှ ဖုန်း(၂၄)လုံး၊ တီဗွီ (၄)လုံး၊ ဂြိုလ်တုစလောင်း (၂)လုံးစသည်တို့မှ ရရှိသည့်အပြင် အမ်ပီတီ၊ အော်ရီဒူးနှင့် တယ်လီနော ဖုန်းတာဝါတိုင်များမှလည်း အင်တာနက်လိုင်းရရှိသဖြင့် ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ အထူးတလည် မရှိပေ။

**၆။ ပညာရေး**

နမ့်ဟွေလုံကျေးရွာတွင် မူလတန်းအဆင့်စာသင်ကျောင်းရှိပါသည်။ ကျောင်းဆောင်သစ်ဆောက်လုပ်ထားရှိပြီး ဆရာမတစ်ဦးရှိပါသည်။ သူငယ်တန်းမှစတုတ္ထတန်းအထိ အတန်းတက်ရောက်သူ ကျောင်းသူ/သားများရှိပါသည်။ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်များကို မိုင်းဖြတ်မြို့၊ ကျိုင်းတုံမြို့၊ တာချီလိတ်မြို့တို့တွင် ဆက်လက်ပညာသင်ယူကြပါသည်။ ကျေးရွာတွင် တက္ကသိုလ်တက်နေသည့် ကျောင်းသူ/ သားမရှိပါ။

ကျေးရွာတွင် မူလတန်းအဆင့် စာမတတ်မြောက်သည့် လူဦးရေမှာ(၂၅)ဦး (၃၀)%၊ မူလတန်းအဆင့် စာတတ်မြောက်သူများမှာ (၁၉)ဦး(၂၃)%၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ(၈)ဦး(၁၀)%၊ အထက်တန်းအဆင့် စာတတ်မြောက်သူများမှာ (၁)ဦး(၁)%နှင့် တက္ကသိုလ်အဆင့် စာတတ်မြောက်သူမှာ(၁)ဦး (၁)%တို့ရှိခြင်းကြောင့် ကျေးရွာ၏ ပညာရေးသည် အားနည်းလျက်ရှိပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကျန်းမာရေးဦးစီးဌာနမှ နှစ်စဉ်နှစ်တိုင်း ကျေးရွာအထိ လိုအပ်သည့် ကာကွယ်ဆေးများအား လာရောက်ထိုးပေးလျှက်ရှိပြီး၊ အာဟာရပညာပေး အစီအစဉ်များလည်း ဟောပြော ပေးလေ့

ရှိပါသည်။ နမ့်ဟွေလုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိသော်လည်း ဘိုရှီးကျေးရွာတွင်ရှိသော ကျေးလက်ကျန်းမာရေးဌာနခွဲတွင် သွားရောက်ကုသကြပါသည်။ ကုတင်နှင့် ဆေးဝါးများလည်း အလုံအလောက်ရှိပါသည်။ အရေးပေါ်အခြေအနေတွင် မိုင်းဖြတ်မြို့နယ် ဆေးရုံကြီးတွင် ကုသမှုခံယူပြီး လျှပ်စစ်မီး မရရှိသေးသည့်အတွက် အခက်အခဲအနည်းငယ် ရှိပါသည်။

ကျေးရွာတွင် အိမ်ထောင်အများစုသည် စိမ့်စမ်းရေကို ပိုက်ဖြင့်သွယ်တန်းကာ လုံလောက်စွာ အသုံးပြုကြပါသည်။ ကျေးရွာရှိ အိမ်ထောင်စု(၉)စုသာ သန့်ရှင်းသော ယင်လုံအိမ်သာကို အသုံးပြုကြပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

နမ့်ဟွေလုံကျေးရွာတွင် စိုက်ပျိုးကေပိုင်ဆိုင်မှုနည်းပါးသော်လည်း စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ကြသော အိမ်ထောင်စုများဖြစ်သည့်အပြင် လူဦးရေနည်းပါးသည့်အတွက် စားသောက်ရန်နှင့်ရောင်းချရန်လုံလောက်လျှက်ရှိပါသည်။ စိုက်ပျိုးရေအတွက် ကျေးရွာအနီးရှိနမ့်ဟွေလုံချောင်းနှင့်စိမ့်စမ်းရေကိုအားထားပြီး စိုက်ပျိုးကြပါသည်။ အိမ်ထောင်စုအများစုသည် မိုးရာသီတွင် ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး သွေးတိုး၊ ဆီးချို လူနာအနည်းငယ် ရှိပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများသည် စည်းစည်းလုံးလုံးနှင့် အတူတကွ နေထိုင်ကြသဖြင့် ပဋိပက္ခများ မရှိပါ။ ကျေးရွာတွင် လူကုန်ကူးမှုများဖြစ်ပွားခြင်း မရှိပေ။ နမ့်ဟွေလုံကျေးရွာ၏ မြေဆီလွှာအနေအထားသည် အသင့်အတင့်ကောင်းမွန်ပါသည်။ စိုက်ပျိုးရေးအတွက် ချောင်းရေကို အသုံးပြုသော်လည်း မိုးခေါင်သောဒေသမဟုတ်၍ အခက်အခဲမရှိပါ။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

နမ့်ဟွေလုံကျေးရွာ၏ ကျေးရွာစီမံအုပ်ချုပ်မှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု မရှိသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပါသည်။ အမျိုးသမီးအကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေ ဆိုင်ရာအသိပညာသိရှိမှု အားနည်းကြပါသည်။

နောက်ဆက်တွဲ(၁)

**မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

**မိုင်းဟဲကျေးရွာအုပ်စု၊ နမ့်ဟွေလုံကျေးရွာ၊**

**ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား**

| **စဉ်** | **အဆိုပြုစီမံချက်အမည်** | **ဦးစားပေး အဆင့်** | ၂၁-၂၂ | ၂၂-၂၃ | ၂၃-၂၄ | ၂၄-၂၅ | ၂၅-၂၆ |
|---|---|---|---|---|---|---|---|
| ၁ | ရေစုကန်တည်ဆောက်ခြင်းနှင့်ကွန်ကရစ်လမ်းခင်းခြင်း | ၁ | | | | | |
| ၂ | အားကစားကွင်းဖော်ထုတ်ခြင်း | ၂ | | | | | |
| ၃ | စာသင်ကျောင်းခြံစည်းရိုးကာရံခြင်း | ၃ | | | | | |
| ၄ | စာသင်ကျောင်းသင်ထောက်ကူပစ္စည်းများလိုအပ်ခြင်း | ၄ | | | | | |
| ၅ | ဆိုလာမီးလင်းရေးဆောင်ရွက်ခြင်း | ၅ | | | | | |

နောက်ဆက်တွဲ(၂)

**မိုင်းဖြတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂(၆)လဘတ်ဂျက် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဆောင်ရွက်မည့် မိုင်းဟဲကျေးရွာအုပ်စု၊ နမ့်ဟွေလုံကျေးရွာ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း**

| စဉ် | ကျေးရွာအုပ်စု | ကျေးရွာ | ကော်မတီဝင်အမည် | မှတ်ပုံတင်အမှတ် | အဖအမည် | ကျား/မ | ကော်မတီအမည် | ရာထူး |
|---|---|---|---|---|---|---|---|---|
| ၁ | မိုင်းဟဲ | နမ့်ဟွေလုံ | ဦးအားချာ | ၁၃/မဖန(နိုင်)<br>၀၂၀၉၄၉ | ဦးလော်ချား | ကျား | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | ဥက္ကဋ္ဌ |
| ၂ | မိုင်းဟဲ | နမ့်ဟွေလုံ | ဦးလီလို့ | ၁၃/မဖန(နိုင်)<br>၀၀၉၈၀၁ | ဦးလော်မြာ | ကျား | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | အဖွဲ့ဝင် |
| ၃ | မိုင်းဟဲ | နမ့်ဟွေလုံ | ဒေါ်သူဇာအောင် | ၅/ထပန(နိုင်)<br>၀၉၀၁၄၀ | ဦးမောင်သိုက် | မ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | စာရင်းကိုင် |
| ၄ | မိုင်းဟဲ | နမ့်ဟွေလုံ | ဒေါ်ဘူးယာ | ၁၃/မဖန(နိုင်)<br>၀၂၄၁၄၀ | ဦးအားဂါ | မ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | အဖွဲ့ဝင် |
| ၅ | မိုင်းဟဲ | နမ့်ဟွေလုံ | ဦးလီကြာ | ၁၃/မဖန(နိုင်)<br>၀၁၅၉၆၆ | ဦးလီမူ | ကျား | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | ဝယ်ယူရေးဥက္ကဋ္ဌ |
| ၆ | မိုင်းဟဲ | နမ့်ဟွေလုံ | ဒေါ်အားယု | ၁၃/မဖန(နိုင်)<br>၀၂၇၈၂၇ | ဦးအားဖာ | မ | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | ဘဏ္ဍာရေးမှူး |
| ၇ | မိုင်းဟဲ | နမ့်ဟွေလုံ | ဦးလော်ဒို | ၁၃/မဖန(နိုင်)<br>၀၀၉၈၆၇ | ဦးအားလှ | ကျား | ကျေးရွာဖွံ့ဖြိုးရေးကော်မတီ | အတွင်းရေးမှူး |

နောက်ဆက်တွဲ(၃)

## ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု(ဖွံ့ဖြိုးရေးကွင်းဆက်)

| လက်ရှိ အခြေအနေ၊ အခက်အခဲ နှင့်ပြဿနာ | အခက်အခဲ၊ ပြဿနာများကို ဖြစ်စေသော အကြောင်းအရင်း | ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ ဖြစ်မည့်အခြေ အနေကောင်းများ | အတားအဆီး၊ အဟန့်အတား များနှင့်စိန်ခေါ်မှုများ | ဖြေရှင်းရန် နည်းလမ်းများ | အကောင်အထည် ဖော်ရန်စီမံချက် များနှင့်လုပ်ငန်းများ |
|---|---|---|---|---|---|
| ရေမလုံလောက်ခြင်း၊ လမ်းသွားလာရ ခက်ခဲခြင်း | နွေရာသီရေရှားသည့်အခါ စုဆောင်းထားသည့်ရေမရှိ သဖြင့်ရေမလုံလောက်ခြင်း၊ မိုးရာသီရွာတွင်မြေသား လမ်းပေါ်ရေဝပ်သဖြင့်လမ်း ပျက်စီး၍သွားလာရခက်ခဲခြင်း | မြေနေရာရှိခြင်းနှင့်လုပ်အား ထည့်ဝင်နိုင်ခြင်း | ဆောင်ရွက်ရန် နည်းပညာ မသိခြင်း | သက်ဆိုင်ရာဌာနသို့ တင်ပြခြင်း | ရေစုကန်တည်ဆောက်ခြင်း နှင့်ကွန်ကရစ်လမ်းခင်းခြင်း |
| အားကစားလုပ်မှုအား နည်းခြင်း | အခြားရွာသို့သွားရောက် ကစားရ၍အချိန်ကုန်ခြင်း၊ | လုပ်အားပါဝင်နိုင်ခြင်း | ပေ(၃၀၀)ရှိမြေနေ ရာဖော်ထုတ်ခြင်း | သက်ဆိုင်ရာဌာနသို့ တင်ပြအကူအညီရယူခြင်း | အားကစားကွင်း ဖော်ထုတ်ခြင်း |
| ကျောင်းလုံခြုံမှုမရှိခြင်း | ကျောင်းသူ/သားများစာသင်မှု၊ ဘေးအန္တရာယ်ကင်းမှုမရှိခြင်း | လုပ်အားပါဝင်နိုင်ခြင်း၊ လူထုမှဆောင်ရွက်လိုခြင်း | ရန်ပုံငွေ မတက်နိုင်ခြင်း | သက်ဆိုင်ရာဌာနသို့ တင်ပြခြင်း | စာသင်ကျောင်းခြံစည်းရိုး ကာရံခြင်း |
| စာသင်ကြားမှုတွင်နှောင့် နှေးခြင်းနှင့်အချိန်ကြာခြင်း၊ လက်တွေ့သင်ယူတက် မြောက်မှုနည်းခြင်း | ရန်ပုံငွေမတက်နိုင်ခြင်း | လုပ်အားပါဝင်နိုင်ခြင်း၊ လူထုမှဆောင်ရွက်လိုခြင်း | - | သက်ဆိုင်ရာဌာနသို့ တင်ပြခြင်း | စာသင်ကျောင်း သင်ထောက်ကူ ပစ္စည်းများလိုအပ်ခြင်း |
| မီးအသုံးပြုမှုမရှိခြင်း | လုံလောက်သော ရန်ပုံငွေမရှိခြင်း | လုပ်အားပါဝင်နိုင်ခြင်း၊ လူထုမှဆောင်ရွက်လိုခြင်း | - | သက်ဆိုင်ရာဌာနသို့ တင်ပြခြင်း | ဆိုလာမီးလင်းရေး ဆောင်ရွက်ခြင်း |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | | ၁ | ၁ | - | ၁ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၄ | ၁ | ၅ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၃ | ၃ | ၆ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၆ | ၁၀ | ၁၆ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၀ | ၂၂ | ၅၂ | ၁ | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၁ | ၁ | ၂ | - | - |
| စုစုပေါင်း | | ၄၄ | ၃၈ | ၈၂ | ၁ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၅ | | | | |

**ရင်းမြစ်** ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက်(၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။**

**လေ့လာတွေ့ရှိချက်။ ။** နမ့်ဟွေလုံကျေးရွာသည် အိမ်ထောင်စု (၁၅)စု၊ လူဦးရေ (၈၂)ဦးရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ်မ(၁)ဦးရှိပြီး မသန်စွမ်းကလေးငယ်ဖြစ်ပါသည်။ ၅ နှစ်အောက်ကလေးငယ်အရွယ် (၅%)၊ မူလတန်းကျောင်းသားအရွယ် (၇%)၊ အလယ်တန်းကျောင်းသားအရွယ် (၂၀%)၊ အလုပ်လုပ် နိုင်သည့်အရွယ် (၆၄%)၊ သက်ကြီးအရွယ် (၂%) ရှိပါသည်။ အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၆)%ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၃၀) ဦး၊ မ (၂၂) ဦး စုစုပေါင်း (၅၂)ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၆၄)%ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၆)ဦးနှုန်းရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅)ဦးနှုန်းထက် အနည်းငယ်များပြားပြီး ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် လုသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူအင်အား**

**(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုဖော်ပြချက်ဖြင့်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၄ | ၃၅ | - | ၂၁ | ၁၄ | - | မြင့် ✓ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၅ | ၁၅ | - | ၁၅ | | | မြင့် ☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၄ | ၄ | - | ၄ | | | မြင့် ☐ လတ်☐ နိမ့် ✓ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုေ ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့် ☐ လတ်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုငေ္ချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | လုပ်ငန်း | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | - | ၁ | | | မြင့် ✓ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို ေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် …** (၁) **အိမ်ထောင်စုစာရင်းကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”**အရေအတွက်တွင်**“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်း လုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။ ။ နမ့်ဟွေလုံကျေးရွာရှိ အိမ်ထောင်စုအားလုံးသည် ကိုယ်ပိုင်စိုက်ပျိုးရေးကိုသာ အဓိက ထားလုပ်ကိုင် ကြပါသည်။ မွေးမြူရေးလုပ်ငန်းမှာ စားသောက်ရန်အတွက်သာ မွေးမြူကြပါသည်။ အခြားလုပ်ငန်း လုပ်ကိုင်သူမရှိပါ။**

**(ခ–၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | | | | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | | | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်**(၁) **လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ**×၈)

**လေ့လာတွေ့ရှိချက်။။ ကျေးရွာတွင်နေ့စားလုပ်ကိုင်သူမရှိပါ။**

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၄၇ | ကောင်း ✓ သင့်☐ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| စုစုပေါင်း | ၄၇ | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။။။ နမ့်ဟွေလုံကျေးရွာရှိ စိုက်ပျိုးမြေအားလုံးသည် လယ်မြေများဖြစ်ပြီး မြေဆီမြေလွှာကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

**ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☐ နည်း ☐မရှိ ✓ | လွယ် ☐ ခက်☐အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐အပြောင်းအလဲမရှိ ☐ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး ✓ အပြောင်းအလဲမရှိ ☐ |

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✓ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သောက်သုံးရေအတွက် နမ့်ပှေလုံချောင်းရေနှင့်စိမ့်စမ်းရေကို ပိုက်နှင့်သွယ်တန်းအသုံးပြုကြပြီး ရာသီမရွေးအသုံးပြုနိုင်ပါသည်။**

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့်ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁ | ၃ | ၆ | ၂ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဥစ္စာဓနအဆင့်အခြေအနေအရ အဆင်ပြေသောအိမ်ထောင်စုများမှာ (၁)အိမ်ထောင်စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ(၃)စု၊ မပြေလည်သောအိမ်ထောင်စု(၇)စုနှင့် အလွန်မပြေလည်သောအိမ်ထောင်စုမှာ (၂)အိမ်ထောင်စုရှိကြောင်း တွေ့ရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆လမှ၁၂လအထိဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။ ဓနအဆင့်သတ်မှတ်ချက်အရ အလွန်မပြေလည်သောအိမ်ထောင်စု(၂)စုရှိသော်လည်း ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ကိုင်စားသောက်ကြပြီး မိသားစုဝင်ဦးရေနည်းပါးသဖြင့် ဝမ်းစာဖူလုံမှုရှိကြောင်း တွေ့ရှိရပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖြင့်နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စုအရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | - | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။။ နမ့်ဟွေလုံကျေးရွာတွင် မသန်စွမ်းကျား(၄၂)နှစ်အရွယ်(၁)ဦး၊ မ(၁)လသားအရွယ်(၁)ဦးရှိသော်လည်း မိသားစုစောင့်ရှောက်မှုရှိ၍ ကူညီစောင့်ရှောက်မှုအထူးလိုအပ်ခြင်း မရှိပါ။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၉) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့်ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | ✓ | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | ✓ | |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | ✓ | |
| ၄ | ဆူနာမီ | ✓ | | | | ✓ | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | ✓ | |
| ၆ | လေဆင်နှာမောင်း | ✓ | | | | ✓ | |
| ၇ | လျှော | ✓ | | | | ✓ | |
| ၈ | အပူလှိုင်း | ✓ | | | | ✓ | |
| ၉ | စိုက်ပျိုးမြေများတွင်ရေငံဝင်ရောက်မှု | ✓ | | | | ✓ | |
| ၁၀ | အအေးလှိုင်း | | ✓ | | | ✓ | |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | ✓ | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | ✓ | |
| ၁၃ | တောမီးလောင်ခြင်း | | ✓ | | | ✓ | |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | ✓ | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✓ | | | | ✓ | |
| ၁၆ | မြေပြိုခြင်း | ✓ | | | | ✓ | |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | ✓ | | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊ရေ) | ✓ | | | | ✓ | |
| ၁၉ | မြေပြိုခြင်း၊မြေဆီလွှာပျက်စီးခြင်း | ✓ | | | | ✓ | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | | ✓ | | | ✓ | |
| ၂၁ | ငှက်ဖျားရောဂါ | | ✓ | | | ✓ | |
| ၂၂ | တီဘီရောဂါ | | ✓ | | | ✓ | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | ✓ | |
| ၂၄ | ကပ်ရောဂါ | | ✓ | | | ✓ | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✓ | | | | ✓ | |
| ၂၆ | တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု | | ✓ | | | ✓ | |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | ✓ | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ေ ေးခက်ခဲခြင်းစသည် | ✓ | | | | ✓ | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊မိုးခေါင်ခြင်း စသည့် အခြေအနေများဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။ အိမ်ထောင်စု၁၀၀တွင်၂၅အိမ်ထောင်စုအောက် – နိမ့်၊အိမ်ထောင်စု၁၀၀တွင် ၂၅မှ၅၀ အိမ်ထောင်စု – လတ်၊ အိမ်ထောင်စု၁၀၀တွင်၅၀အိမ်ထောင်စုအထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ အအေးပိုင်းရာသီဥတုဖြစ်၍ အအေးလှိုင်းဖြတ်သည့်အခါမျိုးတွင် အအေးဒဏ်ကိုပိုမိုခံစားရခြင်း၊ ကျေးရွာသည်ကုန်းမြင့်ဒေသပိုင်းဖြစ်သည့်အတွက် တောမီးလောင်သောအခြေအနေနှင့်ကြုံတွေ့နိုင်ရခြင်း၊ တောမီး

လောင်ခြင်း နှင့်အိမ်သုံးလောင်စာအဖြစ် ထင်းနှင့်ဝါး အသုံးပြုမှုများသဖြင့် သစ်တောပြုန်းတီးမှုဖြစ်ပေါ်နိုင်ခြင်း၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ကိုဗစ်ကပ်ရောဂါကြုံတွေ့ရမှုကို အထိုက်အလျောက်ခံစားရခြင်း၊ တစ်နိုင်တစ်ပိုင်မွေးမြူထားသည့်ကျွဲ၊ နွား၊ တိရိစ္ဆာန်များ ကူးစက်ရောဂါကျရောက်မှုများ မရှိပါ။

(င-၄) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | | ✓ | | ✓ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု | ✓ | | | ✓ | | |
| ၃ | ဆင်းရဲသားတောင်သူ | | ✓ | | ✓ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ | ✓ | | | ✓ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✓ | | | ✓ | | |
| ၆ | မတော်တဆမှုဖြစ်နိုင်ချေများသောနေရာတွင်နေထိုင်သူများ | ✓ | | | ✓ | | |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွါရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | ✓ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✓ | | | ✓ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | | ✓ | | ✓ | | |
| ၁၀ | လက်လုပ်လက်စားများ၊ကျပန်းများ | ✓ | | | | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | |
| ၁၂ | ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ | ✓ | | | | | |
| ၁၃ | နယ်စပ်ဒေသတွင်နေထိုင်သူများ | ✓ | | | | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | | | |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✓ | | | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။ ။ကျေးရွာရှိလူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါကမည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ လူငယ်များသည် ကျေးရွာ၏ (၁၈)ရာခိုင်နှုန်းရှိခြင်း၊ ဆင်းရဲသားတောင်သူများမှာလည်း စိုက်ပျိုးရေးလုပ်ငန်းအပြင် အခြားအသက်မွေးကျောင်း လုပ်ငန်း/ ဝင်ငွေရလုပ်ငန်းမရှိခြင်းတို့ကြောင့် ထိခိုက်သက်ရောက်မှုခံရနိုင်ခြေ အနည်းငယ်ရှိပါသည်။

(၂) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

(က-၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | လူမှုရေးအဖွဲ့ | ၁□၂✓၃□ | ၇ | | ၇ | ပညာရေး□ငွေကြေး□ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓ လုံခြုံရေးနှင့်ကာကွယ်ရေး□ | ကောင်း✓ သင့်□ ညံ့□ |
| ၂ | ဘာသာရေးအဖွဲ့ | ၁□၂□၃✓ | ၃ | | ၃ | ပညာရေး□ငွေကြေး□ ကျန်းမာရေး□ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး□ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး□ လုံခြုံရေးနှင့်ကာကွယ်ရေး✓ | ကောင်း✓ သင့်□ ညံ့□ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၃ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ | ၁☐၂✓၃☐ | ၃ | | ၃ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး✓ | ကောင်း✓<br>သင့်☐<br>ညံ့☐ |
| ၄ | ဖွံ့ဖြိုးရေးအဖွဲ့ | ၁☐၂✓၃☐ | ၇ | | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး✓<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း✓<br>သင့်☐<br>ညံ့☐ |
| ၅ | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| ၆ | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |
| ၇ | | ၁☐၂☐၃☐ | | | | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး☐ | ကောင်း☐<br>သင့်☐<br>ညံ့☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့်ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စီးပွားရေးအခြေခံသောအုပ်စုမရှိသော်လည်း သာရေး၊ နာရေး၊ လူမှု

| စဉ် | အမည် | အဖွဲ့အစည်းအမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်) |
|---|---|---|---|
| | | | သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ –ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသောဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ နိုင်ငံတော်မှဒေသအကျိုး၊ ပြည်သူ့အကျိုးကိုထိရောက်စွာ ထမ်းဆောင်နိုင်စေရန် အလို့ငှာ ဥပဒေ၊နည်းဥပဒေ၊လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်းမပြုပါရန်</u>။

**လေ့လာတွေ့ရှိချက်။။** ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်း မရှိကြောင်းတွေ့ရှိပါသည်။

## (ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှုအရွယ်အစား (မြေပိုင်ဆိုင်သည့်အိမ်ထောင်စုများ)

**ဇယား (၁၃) စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁ | - | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ဧကအောက် | ၈ | - | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ဧကမှ၅ဧကကြား | ၃ | - | တောင်သူငယ် |
| ၄ | ၅ဧကမှ၁၂.၅ဧကကြား | ၃ | - | တောင်သူလတ် |
| ၅ | ၁၂.၅ဧကအထက် | - | - | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း | | ၁၅ | - | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအိမ်ထောင်စု(၇)ရာခိုင်နှုန်းသည်မြေယာမဲ့ဖြစ်ခြင်း၊ (၅၃)ရာခိုင်နှုန်းသည် ဆင်းရဲသားတောင်သူများဖြစ်ခြင်း၊ (၂၀)ရာခိုင်နှုန်းသည် တောင်သူငယ်များဖြစ်ခြင်း၊ (၂၀)ရာခိုင်နှုန်းသည် တောင်သူလတ်များဖြစ်ကြောင်းတွေ့ရှိရပြီး ကျေးရွာတွင် တောင်သူကြီးမရှိပါ။

### (၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှရေသွင်းနိုင်သည့်ဧရိယာ

**ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ**

| စဉ် | အရင်းအမြစ် | ရေသောက်(ဧက) | ရေရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်**(မှန်ရာ တစ်ခုကိုသာရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာတစ်ခုကိုသာရွေးရန်) |
| ၁ | ဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၂ | ရေလွှဲဆည် | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၃ | မြစ်ရေတင် စီမံကိန်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၄ | ရေသွင်းမြောင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၅ | အဝီစိတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၆ | လက်ငင်ရေတွင်း | | တစ်နှစ်ပတ်လုံး☐ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ☐မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ☐ |
| ၇ | စိမ့်စမ်းရေ | ၄၇ | တစ်နှစ်ပတ်လုံး✓ရာသီအလိုက်☐ မဖြေဆိုပါ☐ | ရှိ✓မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ✓ |
| ၈ | ချောင်းရေ | ၄၇ | တစ်နှစ်ပတ်လုံး✓ ရာသီအလိုက်☐ မဖြေဆိုပါ☐☐ မဖြေဆိုပါ☐ | ရှိ✓မရှိ☐မဖြေဆိုပါ☐ | လျော့☐တိုး☐ အပြောင်းအလဲမရှိ✓ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။ လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ရေအရင်းအမြစ်မှာ စိမ့်စမ်းရေနှင့် နမ့်ပွေလုံချောင်းရေဖြစ်ပါသည်။ တစ်ရွာလုံးအတွက် တစ်နှစ်ပတ်လုံးအသုံးပြုရန် လုံလောက်မှုရှိကြောင်း တွေ့ရှိရပါသည်။

**(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း**

**ဇယား (၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း**

| သီးနှံ | စုစုပေါင်းစိုက်ဧက | တစ်ဧကအထွက်နှုန်း | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| ဆန်စပါး | ၁၃၉ | တင်း | ၅၀ | ၆၀ | ၅၅ | ၆ | ၁၀ | မြင့်☐လတ်✓ နိမ့်☐ | မြင့်☐လတ်☐ နိမ့်✓ | မြင့်☐လတ်☐ နိမ့်✓ |
| | | | | | | | | မြင့်☐လတ်☐ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☐ |
| | | | | | | | | မြင့်☐လတ်☐ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☐ | မြင့်☐လတ်☐ နိမ့်☐ |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာ၏အဓိကစိုက်ပျိုးသောသီးနှံမှာ ဆန်စပါးဖြစ်ပြီး အခြားစားသုံးရန်အတွက် ပြောင်းဖူး၊ ပဲ၊ ဆလပ်၊ မုန်ညင်း၊ ဂေါ်ဖီပန်း၊ သရက်နှင့်အုန်းသီးတို့ကို ရောင်းချရန်အတွက်အနည်းငယ်သာ စိုက်ပျိုးကြပါသည်။

**(၄) လယ်ယာသုံးစက်ကိရိယာများ**

**ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု**

| စက်အမျိုးအစား | တစ်ဦးချင်းပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် |
|---|---|---|---|---|
| **ထွန်စက်** | ၅ | | | – |
| **လက်တွန်းထွန်စက်** | | | | |
| **အစေ့ချကိရိယာ** | | | | |
| **ရိတ်သိမ်းခြွေလှေ့စက်** | | | | |
| **ရိတ်သိမ်းစက်** | | | | |
| ခြွေလှေ့စက် | ၁ | | | |
| ရေစုပ်စက် | | | | |
| ခြေနင်းရေတင်စက် | | | | |
| **မြက်ရိတ်စက်** | ၂ | | | |

**ရင်းမြစ်…** (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) **ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။**

**လေ့လာတွေ့ရှိချက်။။** ကျေးရွာရှိ လယ်ရှိသောအိမ်ထောင်စုများတွင် ထွန်စက်(၅)လုံး၊ ခြွေလှေ့စက်(၁)လုံးနှင့်မြက်ရိတ်စက် (၂)လုံးရှိပြီး အခြားစိုက်ပျိုးရေးသုံးကိရိယာပိုင်ဆိုင်မှု မရှိပါ။

**(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

**ဇယား (၁၇) သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ**

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီး မှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | **အလွန်ကောင်း□ကောင်း✓သင့်တင့်မျှတ□မဖြေဆိုပါ□** |
| လယ်ယာမြေအသုံးချနိုင်မှု | **အလွန်ကောင်း□ကောင်း□သင့်တင့်မျှတ✓မဖြေဆိုပါ□** |
| စိုက်ပျိုးရေအရင်းအမြစ် | **ပေါများ□အသင့်အတင့်ရှိ✓မဖြေဆိုပါ□** |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | **အလွယ်တကူရသည်□ရသည်□မဖြေဆိုပါ□** |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | **မျိုးကောင်းမျိုးသန့်များကိုလွယ်ကူစွာဝယ်ယူနိုင်သည်□သီးနှံမျိုးစေ့မျာ းဝယ်ယူရရှိနိုင်သည်✓မဖြေဆိုပါ□** |
| သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ် သွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□** |
| ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အ ခြားဓာတုဗေဒသွင်းအားစုများ | **လွယ်ကူစွာဝယ်ယူ/ရနိုင်သည်□ဝယ်ယူရနိုင်သည်✓မဖြေဆိုပါ□** |
| လုပ်သားရရှိနိုင်မှု | **အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□** |
| နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆ ောင်မှုများ | **အလွယ်တကူရနိုင်သည်□ရနိုင်သည်✓မဖြေဆိုပါ□** |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | **သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည်□ သီးနှံများကိုရောင်းချနိုင်သည်□မဖြေဆိုပါ□** |
| ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊မိုးရေချိန်) | **ထိခိုက်သည်□ မထိခိုက်ပါ □ မဖြေဆိုပါ□** |

**ရင်းမြစ်** … (၁) **ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။**

**လေ့လာတွေ့ရှိချက်။**။ သီးနှံအထွက်တိုးမှုအတွက် အလားအလာကောင်းများစွာရှိသော်လည်း ကျေးရွာနေသူများ အနေဖြင့် စိုက်ပျိုးနေကြသီးနှံ ထပ်ပိုး၍ ထုတ်လုပ်ရောင်းချနိုင်မှု မရှိကြောင်း တွေ့ရပါသည်။

**(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

**ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ**

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ရှင်းလင်းချက်**<br>(အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ် ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက် များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | **မြေဆီသြဇာမကောင်း□ရာသီဥတုမမှန်□မဖြေဆိုပါ□** |
| လယ်ယာမြေအသုံးချနိုင်မှု | **လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ□လယ်ယာမြေဆုံးရှုံးမှုများသည်□<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည်□<br>ပလပ်မြေများရှိသည်□** |

